# ကမ္ဘောဇဘဏ် MPU-UPI DUAL BRAND DEBIT CARD ကိုင်ဆောင်သူဆိုင်ရာ သဘောတူညီချက် စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ

ကမ္ဘောဇဘဏ်၏ကတ်ဝန်ဆောင်မှုအား ဝင်ရောက်အသုံးပြုသူများအနေဖြင့် အောက်တွင်ဖော်ပြထားသော စည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များအားအတိအကျလိုက်နာရန် ကမ္ဘောဇဘဏ်လီမိတက်က သတ်မှတ်ထားပါသည်။ ကမ္ဘောဇဘဏ်၏ ကတ်ဝန်ဆောင်မှုများအား တောင်းခံခြင်း သို့မဟုတ် အသုံးပြုခြင်း သို့မဟုတ် ယင်းဝန်ဆောင်မှုများအား ကတ်ကိုင်ဆောင်သူ ကိုယ်စားက ၎င်း၏အခြားသူတစ်ဦးဦးအား အသုံးပြုစေရန်ခွင့်ပြုခြင်းများသည် အခါအားလျော်စွာပြောင်းလဲနိုင်သည်ဖြစ်သော ဤစည်းမျဉ်းနှင့်စည်းကမ်း သတ်မှတ်ချက်များကို ကတ်ကိုင်ဆောင်သူက လက်ခံအသိအမှတ်ပြုခြင်းဖြစ်သည်။

မည်သည့် product များနှင့် ဝန်ဆောင်မှုများအား အသုံးပြုရန်လျှောက်ထားခြင်း သို့မဟုတ် အသုံးပြုခြင်းသည် ကတ်ကိုင်ဆောင်သူမှ ဤသဘောတူညီချက်တွင် ဖော်ပြထားသော စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များ (“စည်းမျဉ်းများ”)ကို လိုက်နာပါမည်ဟူ၍ မိမိကိုယ်တိုင်သဘောတူခြင်းဖြစ်သည်။ ကတ်ကိုင်ဆောင်သူသည် စည်းမျဉ်းများအား ဖတ်ရှု၊ နားလည်သဘောပေါက်ပြီး လက်ခံသဘောတူသည်ဟု မှတ်ယူမည်ဖြစ်သည်။

## ၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်

၁။၁။ “**ငွေစာရင်း**” ဆိုသည်မှာ ကတ်ကိုင်ဆောင်သူ အနေဖြင့် ကမ္ဘောဇဘဏ်တွင် ငွေအပ်နှံနိုင်ရန်အတွက် ကမ္ဘောဇဘဏ်နှင့် ဆောင်ရွက်ထားရှိသည့် အစီအစဉ်ကိုဆိုလိုသည်။

၁။၂။ “**ငွေစာရင်းအမှတ်**” ဆိုသည်မှာ ကတ်အသုံးပြုမှုအတွက် ငွေနုတ်ယူရန် ကတ်ကိုင်ဆောင်သူကပေးထားသည့် ငွေစာရင်းကို ဆိုလိုသည်။

၁။၃။ “**ATM**” ဆိုသည်မှာ ကမ္ဘောဇဘဏ်ကပိုင်ဆိုင်သည့် စက်များ သို့မဟုတ် UnionPay သို့မဟုတ် MPU ATM network ဟူ၍သာ ကန့်သတ်ထားခြင်း မဟုတ်သော်လည်း ယင်းတို့အပါအဝင်ဖြစ်ပြီး ကတ်အားလက်ခံသည့် အလိုအလျောက် ငွေထုတ်စက် ကို ဆိုလိုသည်။

၁။၄။ “**အလုပ်လုပ်ရက်**” ဆိုသည်မှာ စနေ၊ တနင်္ဂနွေနှင့် မြန်မာနိုင်ငံအတွင်းရှိ အများပြည်သူအလုပ်ပိတ်ရက် နှင့် ဘဏ်ပိတ်ရက်များမပါ ကျန်သည့်ရက်များကို ဆိုလိုသည်။

၁။၅။ “**ကတ်**” ဆိုသည်မှာ ATM၊ POS နှင့် E-commerce Transactions များတွင်အသုံးပြုနိုင်ရန်အတွက် ကမ္ဘောဇဘဏ်က ကတ်ကိုင်ဆောင်သူထံသို့ ထုတ်ပေးသော MPU-UPI Dual Brand Debit Card ကိုဆိုလိုသည်။

၁။၆။ “**ကတ်ကိုင်ဆောင်သူ**” ဆိုသည်မှာ MPU-UPI Dual Brand Debit Card ကိုကိုင်ဆောင်ထားသည့် ကမ္ဘောဇဘဏ်၏ ငွေအပ်နှံသူကိုဆိုလိုသည်။

၁။၇။ “**Call Center ဝန်ဆောင်မှု**” ဆိုသည်မှာ KBZ ဘဏ်က ကတ်ကိုင်ဆောင်သူထံသို့ အခါအားလျော်စွာပေးမည့် ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ခေါ်ဆိုမှုပြုလုပ်နိုင်သည့် call center နှင့် phone နံပါတ်များကိုဆိုလိုသည်။

၁။၈။ “**နိုင်ငံခြားငွေ**” ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်တစ်ခုက ငွေလဲလှယ်ရေးပုံစံအဖြစ်အသိအမှတ်ပြုပြီး ထိုတိုင်းပြည်တွင် သုံးစွဲနေသည့်ငွေကြေးစနစ်ကိုဆိုလိုသည်။

၁။၉။ “**ကမ္ဘောဇဘဏ်**” ဆိုသည်မှာ အနာဂတ်တွင် ကမ္ဘောဇဘဏ်က ထူထောင်ဖွင့်လှစ်မည့် မည်သည့်ဘဏ်ခွဲမျိုးမဆို အပါအဝင် ကမ္ဘောဇဘဏ်လီမိတက်နှင့် ကမ္ဘောဇဘဏ်၏ဘဏ်ခွဲအားလုံးကိုဆိုလိုသည်။

၁။၁၀။ “**MPU**” ဆိုသည်မှာ Myanmar Payment Union ကိုဆိုလိုသည်။

၁။၁၁။ “**မြန်မာကျပ်ငွေ**” ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းတရားဝင်အသုံးပြုနေသည့် ငွေကြေးစနစ်ကို ဆိုလိုသည်။

၁။၁၂။ “**PIN သို့မဟုတ် Green PIN**” ဆိုသည်မှာ ကတ်အားအသုံးပြုနိုင်ရန်အတွက် ပေးထားသည့် တစ်ဦးချင်းအသိအမှတ်ပြု နံပါတ် (Personal Identification Number) နှင့် Green PIN သည် MPU-UPI Dual Brand Debit Card အတွက် ကတ်အား ကမ္ဘောဇဘဏ် ATMစက်တွင် ထည့်ခြင်းအားဖြင့် ကမ္ဘောဇဘဏ်တွင် မှတ်ပုံတင်ထားသော ကတ်ကိုင်ဆောင်သူ၏ မိုဘိုင်းနံပါတ်မှတစ်ဆင့် ရရှိမည့် PIN ဖြစ်သည်။

၁။၁၃။ “**POS**” ဆိုသည်မှာ ကတ်ကိုင်ဆောင်သူကပြုလုပ်သည့် ပေးချေမှုများအား လက်ခံရန် ကမ္ဘောဇဘဏ်က အသိအမှတ်ပြုထားသည့် ကုန်သည်၏ဆိုင်များတွင်ရှိသည့် Point of Sale Terminal ကိုဆိုလိုခြင်းဖြစ်သည်။

၁။၁၄။ “**အခွင့်အရေးရရှိမည့်အစီအစဉ်/စနစ်**” ဆိုသည်မှာ သက်ဆိုင်ရာ ကတ်အဖွဲ့အစည်းများမှ ကမ်းလှမ်းသည့်ကုန်ပစ္စည်းများ ၊ ဝန်ဆောင်မှုများအပေါ်မှ ပြန်အမ်းငွေများ၊ လျှော့နှုန်းများကို ရရှိခံစားနိုင်ရန်အတွက် ကတ်ကိုင်ဆောင်သူများ အနေဖြင့် ၎င်း၏ကတ်အားအသုံးပြုရမည့် အစီအစဉ်ကိုဆိုလိုခြင်းဖြစ်သည်။

၁။၁၅။ “**UPI**” ဆိုသည်မှာ UnionPay International ကိုဆိုလိုသည်။

၁။၁၆။ “**ဝက်ဆိုဘ်**” ဆိုသည်မှာ www.kbzbank.com ရှိ ကမ္ဘောဇဘဏ်၏ ဝက်ဆိုဘ်ကိုဆိုလိုသည်။

## ၂။ ကတ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ

၂။၁။ ကတ်သည်မည်သည့်အချိန်တွင်မဆို ကမ္ဘောဇဘဏ်မှ ပိုင်ဆိုင်သောပစ္စည်းဖြစ်သည်။

၂။၂။ ကတ်ကိုင်ဆောင်သူက ပေးသည့်သတင်းအချက်အလက်များသည် မှားယွင်းကြောင်းနှင့်/သို့မဟုတ် ကတ်အား အလွဲသုံးကြောင်း နောက်ပိုင်း၌တွေ့ရှိသည်ဆိုပါက ကတ်ကိုင်ဆောင်သူထံသို့ ထုတ်ပေးထားသည့်ကတ်အား ကမ္ဘောဇဘဏ်က သိမ်းဆည်းခြင်း/ဖျက်သိမ်းခြင်းများအား အကြွင်းမဲ့ပြုလုပ်ပိုင်ခွင့်ရှိသည်။

၂။၃။ ကတ်အားလွှဲပြောင်းပိုင်ခွင့်မရှိဘဲ ကတ်ကိုင်ဆောင်သူတစ်ဦးတည်းကသာလျှင် သီးသန့်အသုံးပြုရန်ဖြစ်သည်။

၂။၄။ ကမ္ဘောဇဘဏ်သည် အကြောင်းပြချက်မပေးဘဲ ကတ်ကိုင်ဆောင်သူ၏ အသုံးပြုနေသည့်ကတ်အမျိုးအစားအလိုက် ခွင့်ပြုပေးထားသည့် အသုံးပြုရမည့် အချိန်ကာလအပိုင်းအခြားနှင့် သုံးစွဲပုံနည်းလမ်းကိုပြောင်းလဲသတ်မှတ်ခြင်းတို့ ပြုလုပ်ပိုင်ခွင့်ရှိသည်။

၂။၅။ ကမ္ဘောဇဘဏ်သည် ကတ်ကိုင်ဆောင်သူအား အဖွဲ့ဝင်ဖြစ်ခြင်းမှရပ်စဲရန်၊ ကတ်နှင့်ဆက်စပ်ပြီး ပေးအပ်ထားသည့် အခွင့်အရေးများကိုရုပ်သိမ်းရန် သို့မဟုတ် သက်တမ်းကုန်သွားသည့်ကတ်အား သက်တမ်းထပ်တိုးပေးမှုမပြုခြင်းတို့အား  အချိန်မရွေးပြုလုပ်နိုင်သည့်အခွင့်အရေးရှိပြီး ကတ်အား ပြန်လည်အပ်နှံရန်အတွက် ကတ်ကိုင်ဆောင်သူအား တောင်းခံခြင်းများအား ကမ္ဘောဇဘဏ်က ပြုလုပ်နိုင်သည်။

၂။၆။ ကမ္ဘောဇဘဏ်သည် မည်သည့်အချိန်တွင်မဆို၊ အကြောင်းပြ၍ ဖြစ်စေ၊ အကြောင်းပြချက်မပေးဘဲဖြစ်စေ၊ ဤစည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များအရရှိနေသည့် ကတ်ကိုင်ဆောင်သူ၏ တာဝန်ဝတ္တရား များအပေါ်ထိခိုက်မှုမရှိစေဘဲ ဤဝန်ဆောင်မှုအား ရပ်စဲခြင်း သို့မဟုတ် အဆုံးသတ်ခြင်းပြုလုပ်နိုင်သည်။

၂။၇။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ အဖွဲ့ဝင်အဖြစ်မှရပ်စဲခြင်း သို့မဟုတ် ကတ်နှင့်ဆက်စပ်ပြီးပေးအပ်ထားသည့်အခွင့်အရေးများအား ရုပ်သိမ်းခြင်းပြုလုပ်သည်နှင့်ကတ်အား ထိုအကြောင်းကြားချက်ကို လက်ခံရရှိသည့်နေ့မှစ၍ (၇) ရက်အတွင်း ကတ်အား ကမ္ဘောဇဘဏ်၏ ကတ်ဌာနသို့ ပြန်လည်အပ်နှံရမည်ဖြစ်သည်။  ကတ်အား ကမ္ဘောဇဘဏ်သို့ ပြန်လည်အပ်နှံခြင်း မပြုသေးသည့်အတောအတွင်း ကတ်အသုံးပြုမှုကြောင့်ဖြစ်ပေါ်ရသည့် တောင်းခံလွှာအားလုံး အတွက် ကတ်ကိုင်ဆောင်သူထံတွင်သာတာဝန်ရှိသည်။

၂။၈။ အခွင့်အရေးများအားရုပ်သိမ်းကြောင်း သို့မဟုတ် အဖွဲ့ဝင်အဖြစ်မှရပ်စဲကြောင်း အသိပေးပြီးနောက်တွင် ကတ်အား ဆက်လက်အသုံးပြုခြင်းသည် လိမ်လည်မှုမြောက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများ နှင့်အညီ ကမ္ဘောဇဘဏ်၏ ဥပဒေကြောင်းအရတရားစွဲဆိုမှုကိုခံရမည်။

၂။၉။ ဥပဒေအရလိုအပ်ချက်မှတစ်ပါး ညွှန်ကြားချက် သို့မဟုတ် transaction များအပါအဝင် မည်သည့်အကြောင်းအရာ အတွက်မဆို  ဥပဒေအရလိုအပ်ချက်အရမဟုတ်သော်လည်း ငြင်းပယ်မှုနှင့်ပတ်သက်၍ဖြစ်စေ သို့မဟုတ် ကမ္ဘောဇဘဏ်၏ ဆောင်ရွက်ချက်နှင့်ပတ်သက်၍ဖြစ်စေ၊ ကမ္ဘောဇ ဘဏ်အနေဖြင့် မည်သို့သော အကြောင်းပြချက်မျိုးကိုမျှပေးရန် မလိုအပ်ပါ။

KBZ BANK
Premium Banking

၂။၁၀။ ကတ်တွင်ဖော်ပြထားသည့် သက်တမ်းကုန်ဆုံးမည့်ရက်မတိုင်မီ တစ်လကြိုတင်၍ ကတ်အားဖျက်သိမ်းကြောင်း သို့မဟုတ် သက်တမ်းတိုးမှုမလုပ်တော့ကြောင်းကို ကတ်ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်သို့ စာဖြင့်ရေးသား အကြောင်းကြားရမည်။

၂။၁၁။ ကတ်ကိုင်ဆောင်သူကပေးသည့် ညွှန်ကြားချက်များ၊ တောင်းခံမှုများ၊ လမ်းညွှန်မှုများ၊ အမိန့်များ၊ လမ်းညွှန်ချက်များ အားလုံးသည် ကတ်ကိုင်ဆောင်သူ၏ဆုံးဖြတ်ချက်အရပြုလုပ်ခြင်းဖြစ်ပြီး ကတ်ကိုင်ဆောင်သူတစ်ဦးတည်းတွင်သာလျှင် တာဝန်ရှိသည်။

## ၃။ ကတ်သက်တမ်း

၃။၁။ ကတ်၏သက်တမ်းမှာ ကတ်တွင် လ/နှစ် ပုံစံဖြင့်ဖော်ပြထားသည့် လ၏ အကုန်အထိဖြစ်သည်။

၃။၂။ ကတ်နှင့်ချိတ်ဆက်ထားသည့်ငွေစာရင်း သို့မဟုတ် ကတ်အားပိတ်လိုက်ပြီးနောက်တွင် ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်အား အသုံးပြုခြင်း သို့မဟုတ် အသုံးပြုရန်ကြိုးပမ်းခြင်းများကိုဆောင်ရွက်နိုင်မည်မဟုတ်ပါ။

## ၄။ PIN နံပါတ်

၄။၁။ ကတ်ကိုင်ဆောင်သူကကတ်ကိုလျှောက်ထားပြီးနောက် ကမ္ဘောဇဘဏ်သည် ကတ်ကိုင်ဆောင်သူထံသို့ ကတ်ပြားအား ထုတ်ပေးမည်ဖြစ်သည်။ ကတ်ကိုင်ဆောင်သူသည် ပထမဆုံးအကြိမ်အဖြစ် PIN နံပါတ်အပြောင်းအလဲပြုလုပ်ရမည့် Green PIN ရရှိရန်အတွက် ATM စက်အတွင်းကတ်ကိုထည့်ရမည်။ ကမ္ဘောဇဘဏ်သည် ကတ်ဖွင့်လှစ်စဉ် မှတ်ပုံတင်ထားသည့် ကတ်ကိုင်ဆောင်သူ၏ ဖုန်းအတွင်းသို့ Green PIN message ကို SMS ဖြင့် ပို့ပေးမည်ဖြစ်သည်။ ကမ္ဘောဇဘဏ်မှပေးပို့သည့် Green PIN message ကိုရရှိပြီးနောက် ကတ်ကိုင်ဆောင်သူသည် PIN နံပါတ်အသစ်သို့ ပြောင်းလဲရမည်။ ကတ်ကိုင်ဆောင်သူရရှိထားသည့် ကတ်နှင့် Green PIN သည် ကတ်ကိုင်ဆောင်သူ၏ တာဝန်သာလျှင် ဖြစ်သည်။

၄။၂။ ကတ်ကိုင်ဆောင်သူသည် PIN နံပါတ်ကိုဖြစ်စေ၊ Green PIN နံပါတ်ကိုဖြစ်စေ ကတ်ပိုင်ဆိုင်မှုခွင့်ပြုချက်နှင့်ပတ်သက်၍ ဖြစ်စေ အခြားသော မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထုတ်ဖော်ပြောဆိုခြင်းမပြုရ။ ကတ်ကိုင်ဆောင်သူသည် ကတ်အသုံးပြု၍ပြုလုပ်သည့် မည်သည့် transaction အတွက်မဆို သို့မဟုတ် transaction အားလုံးအတွက်မဆို အပြည့်အဝတာဝန်ယူရမည်။

၄။၃။ ကတ်ကိုင်ဆောင်သူ၏အကျိုးစီးပွားအတွက် ကတ်ကိုင်ဆောင်သူ၏ ရွေးချယ်ထားသည့် PIN နံပါတ်သို့ ပြောင်းလဲ အသုံးပြုရန် အကြံပြုပါသည်။ ထိုသို့ဆောင်ရွက်ရန်အတွက် ကတ်ကိုင်ဆောင်သူအနေဖြင့် ကမ္ဘောဇဘဏ်၏

ATM စက်များတွင် ရရှိနိုင်သော 'PIN change option' ကို အသုံးပြုနိုင်ပါသည်။

၄။၄။ PIN နံပါတ်အား (၃)ကြိမ်မှားနှိပ်မိသည်ဆိုပါက ကတ်အားပြန်လည်အသက်ဝင်အောင် ကမ္ဘောဇဘဏ်က သင့်တင့်လျောက်ပတ်သည့် စစ်ဆေးအတည်ပြုမှု ပြုလုပ်ပြီး ပြန်လည်ဆောင်ရွက်ပေးပြီးချိန်အထိ ကတ်ကိုအသုံးပြု၍ရမည်မဟုတ်ပါ။

၄။၅။ ကတ်သည်ကတ်ကိုင်ဆောင်သူထံတွင်သာရှိနေရမည်ဖြစ်ပြီးမည်သူတစ်ဦးတစ်ယောက်ထံသို့မှကတ်အားလွှဲပြောင်းပေးထားခြင်းမပြုရပါ။

၄။၆။ ကတ်အားအခွင့်မရှိဘဲ အသုံးပြုခြင်းအတွက် ကမ္ဘောဇဘဏ်တွင် မည်သည့်တာဝန်မျှမရှိဟူသည့် စည်းကမ်းသတ်မှတ်ချက်ပေါ်တွင် အခြေခံပြီး ကတ်အားထုတ်ပေးထားခြင်းဖြစ်သည်။ ဤတာဝန်သည် ကတ်ကိုင်ဆောင်သူက အပြည့်အဝလိုက်နာထမ်းဆောင်ရမည့် တာဝန်ဖြစ်သည်။ မည်သည့်နေရာတွင်မဆို ကတ်ကျန်ရှိနေခြင်းမျိုးမဖြစ်စေရန်အတွက် ကတ်ကိုင်ဆောင်သူတွင်တာဝန်ရှိသည်။

၄။၇။ PIN သို့မဟုတ် Green PIN နံပါတ်အား အမှတ်မထင်ထုတ်ဖော်ပြောဆိုမိသည်ဆိုပါက ကတ်ကိုင်ဆောင်သူသည် ယင်းတို့အား ချက်ခြင်းပြောင်းလဲပစ်ရမည်ဖြစ်သည်။

၄။၈။ အခြားမည်သည့်ပုဂ္ဂိုလ်ထံသို့ဖြစ်စေ သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ PIN သို့မဟုတ် Green PIN နံပါတ်အား ပေးလိုက်ခြင်း သို့မဟုတ် ထုတ်ဖော်ပြောဆိုခြင်းမပြုရန်အတွက် ကတ်ကိုင်ဆောင်သူအနေဖြင့် ဂရုပြုဆောင်ရွက်ရမည်။ PIN သို့မဟုတ် Green PIN နံပါတ်အား ထိုသို့ထုတ်ဖော်ပြောဆိုခြင်း သို့မဟုတ် ယင်းတို့အား အလုံအလောက် အကာအကွယ်ပေးထားမှုမရှိခြင်းသည် ကတ်ကိုင်ဆောင်သူ၏တာဝန်သာလျှင်ဖြစ်သည်။

၄။၉။ ကတ်ပျောက်ဆုံးခြင်း/ခိုးယူခံရခြင်း၊ ကတ်ပျက်စီးခြင်း သို့မဟုတ် PIN သို့မဟုတ် Green PIN နံပါတ်အား ထုတ်ဖော်ပြောဆိုမိခြင်းများနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်သို့စာဖြင့် ရေးသားအသိပေးရန် ကတ်ကိုင်ဆောင်သူက သဘောတူ သည်။ ကမ္ဘောဇဘဏ်က ထိုသို့သောအသိပေးအကြောင်းကြားမှုကို လက်ခံရရှိပြီး မှတ်တမ်းတင်ထားမှုမတိုင်မီ ပြုလုပ်သည့် transaction များအားလုံးအတွက် ကတ်ကိုင်ဆောင်သူထံတွင်သာ တာဝန်ရှိသည်။

## ၅။ ကတ်ပျောက်ဆုံးခြင်း

၅။၁။ ကတ်ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခံရခြင်း သို့မဟုတ် အခွင့်အာဏာမရှိသူကအသုံးပြုခြင်း (ကတ်ကို

သုံး၍ဖြစ်စေ၊ မသုံးဘဲလျက်ဖြစ်စေ) များဖြစ်ပါက ကတ်အသုံးပြုမှုအား ရပ်စဲပေးထားရန်အတွက် ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်သို့ စာဖြင့်သော်လည်းကောင်း သို့မဟုတ် ကမ္ဘောဇဘဏ် Call Center သို့ဖုန်းခေါ်ဆို၍လည်းကောင်း ချက်ချင်း အကြောင်းကြားရမည်။ ကတ်အားပိတ်သိမ်းထားခြင်းမပြုမီ ကျခံရမည့်မည်သည့် အခကြေးငွေအတွက်မဆို ကတ်ကိုင်ဆောင်သူ ၏တာဝန်သာလျှင်ဖြစ်သည်။

၅။၂။ ကတ်ပျောက်ဆုံးကြောင်းအသိပေးအကြောင်းကြားမှုကို ကမ္ဘောဇဘဏ်က မှတ်တမ်းတင်ထားပြီးသည့် အချိန်အထိ ပျောက်ဆုံးသွားသည့်ကတ်အားခွင့်ပြုချက်မရဘဲ သုံးစွဲမှုကြောင့်ပေါ်ပေါက်လာရသည့် မည်သည့်ငွေရေးကြေးရေးအရ ဆုံးရှုံးမှုမျိုး မဆိုသည် ကတ်ကိုင်ဆောင်သူ၏တာဝန်သာလျှင်ဖြစ်သည်။

၅။၃။ ကတ်ပျောက်ဆုံးခြင်း၊ ခိုးယူခံရခြင်းဖြစ်၍ ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်အား အစားထိုးထုတ်ပေးရန် တောင်းခံ လာပါက ထိုတောင်းခံချက်အပေါ် ကမ္ဘောဇဘဏ်သည် ၎င်းတစ်ဦးတည်း၏ ဆုံးဖြတ်ချက်ဖြင့် သင့်တော်သည်ဟုယူဆသည့် စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များဖြင့် အစားထိုးကတ်အား ထုတ်ပေးနိုင်မည် ဖြစ်သည်။

၅။၄။ ပျောက်ဆုံးသွားသည်ဟု အစီရင်ခံထားသည့်ကတ်အား ကတ်ကိုင်ဆောင်သူက နောက်ပိုင်း၌ ပြန်လည်တွေ့ရှိပါက ကတ် ကိုင်ဆောင်သူသည် ထိုသို့ပြန်လည်တွေ့ရှိသည့်ကတ်ကို အသုံးမပြုရဘဲ၊ ၎င်းကတ်အား ကမ္ဘောဇဘဏ်သို့ ဖြစ်နိုင်သမျှ အမြန်ဆုံး ပြန်လည် အပ်နှံရမည်ဖြစ်သည်။

၅။၅။ ပျောက်ဆုံးသွားခြင်းကြောင့် အစားထိုးထုတ်ပေးရသည့်ကတ် သို့မဟုတ် PIN အတွက် ကမ္ဘောဇဘဏ်က အခါ အားလျော်စွာ သတ်မှတ်မည်ဖြစ်သည့် အခကြေးငွေကို ကောက်ခံမည်ဖြစ်သည်။

၅။၆။ ဤသဘောတူညီချက်တွင်ဖော်ပြထားသည့် စည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား လိုက်နာရန် ကတ်ကိုင် ဆောင်သူက ပျက်ကွက်ခြင်းကြောင့် ကမ္ဘောဇဘဏ်ကကျခံရသည့်/ကျခံရမည်ဖြစ်သည့် ဆုံးရှုံးမှုများ၊ ပျက်စီးမှုများ၊ ကုန်ကျငွေ များ သို့မဟုတ် အသုံးစရိတ်များအတွက် ကတ်ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်အား ပေးလျော် ရမည်ဖြစ်သည်။

၅။၇။ ကတ်ကိုင်ဆောင်သူ၏ကတ်ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခံရခြင်းနှင့်ပတ်သက်သည့် အသိပေးအကြောင်းကြားချက် ကို ကမ္ဘောဇဘဏ်က လက်ခံရရှိချိန်အထိ ငွေစာရင်းမှ ခွင့်ပြုချက်မရဘဲ transaction များပြုလုပ်မှုအားလုံးအတွက် ကတ်ကိုင် ဆောင်သူထံတွင်သာလျှင် တာဝန်ရှိသည်။

## ၆။ အခကြေးငွေများ

၆။၁။ ဤသဘောတူညီချက်တွင်ဖော်ပြထားသည့်စည်းမျဉ်းများအရဖြစ်စေ၊ မည်သည့်သက်ဆိုင်ရာစည်းမျဉ်း သို့မဟုတ် စည်းကမ်းသတ်မှတ်ချက်များအရဖြစ်စေ ကတ်ကိုင်ဆောင်သူအပိုင်းမှ ကတ်အမျိုးအစားအပေါ်မူတည်၍ အကျုံးဝင် သော၊ သတ်မှတ်ထားသော ဘဏ်စရိတ်၊ နှစ်စဉ်ကြေး၊ PIN ပြန်လည်ထုတ်ပေးခ၊ နှင့် မည်သည့်အဖွဲ့ကမဆိုကောက်ခံမည့် အခြားသော ကတ်စရိတ်ကောက်ခံမှု (ကမ္ဘောဇဘဏ်ကိုယ်တိုင်အပါအဝင် နှင့် အခြားသောဘဏ်များ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ) ကဲ့သို့သော အခကြေးငွေများအားလုံးအတွက် ကတ်ကိုင်ဆောင်သူက ပေးချေရမည့် တာဝန်ရှိသည်။

၆။၂။ ကမ္ဘောဇဘဏ်သည် မည်သည့်အချိန်တွင်မဆို မည်သည့်အကြောင်းကြောင့်ဖြစ်စေ ၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ဖော်ပြပါ အခကြေးငွေ သတ်မှတ်ချက်များအား ပြင်ဆင်ပြောင်းလဲသတ်မှတ်နိုင်သည်။

## ၇။ ပေးရန်တာဝန်ကန့်သတ်ချက်

၇။၁။ ပေါ့လျော့မှုကြောင့်ဖြစ်စေ၊ ချန်လှပ်ထားရှိမှုကြောင့်ဖြစ်စေ၊ ဆိုင်ဝန်ထမ်း၊ ကိုယ်စားလှယ်တို့ဖက်မှ အခြား အကြောင်းအရာ တစ်ခုခုကြောင့်ဖြစ်စေ သို့မဟုတ် ဆိုင်ရှင်မှ ငွေပေးချေမှုကိုငြင်းဆိုခြင်းတို့အတွက် ကမ္ဘောဇဘဏ်တွင် တာဝန် မရှိစေရ။

၇။၂။ စက်ကြောင့်ဖြစ်သည့်မှားယွင်းမှု၊ နည်းပညာပိုင်းဆိုင်ရာအမှားအယွင်း၊ အချက်အလက်မှားယွင်းခြင်းနှင့် ဆက်သွယ်မှု ပြတ်တောက်ခြင်းများအတွက် ကမ္ဘောဇဘဏ်တွင်တာဝန်မရှိစေရ။

၇။၃။ အဖွဲ့ဝင်တစ်ဖက်ဖက်မှ ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ပေါ့လျော့စွာဆောင်ရွက်ခြင်းကြောင့်ဖြစ်စေ သို့မဟုတ် အဖွဲ့ဝင်၏ အလေးထားဆောင်ရွက်မှုမရှိခြင်းနှင့် ကျွမ်းကျင်မှုမရှိခြင်းတို့ကြောင့် ဆုံးရှုံးမှုများ ဖြစ်ပေါ်လာရခြင်း မဟုတ်ဘဲ ဤစည်းမျဉ်းနှင့် စည်းကမ်းသတ်မှတ်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာမှဖြစ်ပေါ်လာသည့် မည်သည့်အကျိုးအမြတ်ဆုံးရှုံးမှု၊ အချက်အလက်ဆုံးရှုံးမှု၊ အသုံးပြုနိုင်ခြင်းဆုံးရှုံးမှု၊ ကုန်ကျစရိတ်များ၊ စီးပွားရေးလုပ်ငန်းပြတ်တောက်မှု သို့မဟုတ် အခြားသော ထူးခြားဖြစ်စဉ်များ၊ တိုက်ရိုက်၊ ပြစ်ဒဏ်ချမှတ်ခံရမှု သို့မဟုတ် နောက်ဆက်တွဲပျက်စီးဆုံးရှုံးမှု၊ မည်သည့်ဆုံးရှုံးမှုအတွက်မဆို အဖွဲ့ဝင်တစ်ဖက်သည် အခြားသောအဖွဲ့အပေါ်တွင် တာဝန်မရှိစေရ။

## ၈။ လျော်ကြေး

၈။၁။ ဤနေရာတွင်ဖော်ပြထားသော စည်းကမ်းသတ်မှတ်ချက်များအား ကတ်ကိုင်ဆောင်သူက လိုက်နာမှုမရှိသည့်အတွက် ကမ္ဘောဇဘဏ်က ကျခံရမည့်/ကျခံရန်ရှိသည့် ဆုံးရှုံးမှုများ၊ ပျက်စီးမှုများ၊ ကျသင့်ငွေများ သို့မဟုတ်

အသုံးစရိတ်များအားလုံးအတွက် ကတ်ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်အား လျော်ကြေးပေးရမည်ဖြစ်သည်။

၈။၂။ ကတ်ကိုင်ဆောင်သူအား ကမ္ဘောဇဘဏ်က ကတ်ဝန်ဆောင်မှုပေးခြင်း၏ အကျိုးဆက်အဖြစ် ကမ္ဘောဇဘဏ်က မည်သည့်အချိန်တွင်မဆိုကျခံရမည့် အရေးယူမှု၊ စောဒကတက်မှု၊ တောင်းဆိုခံရမှု၊ တရားစွဲခံရမှု၊ ဆုံးရှုံးမှု၊ ပျက်စီးမှု၊ ကျခံရမှု၊ နှင့် အသုံးစရိတ် (ကျိုးကြောင်းဆီလျော်သည့် ရှေ့နေခသာဖြစ်သည်ဟုသာ ကန့်သတ်ထားမှုမရှိသော်လည်း ယင်းအပါအဝင်) များနှင့် စပ်လျဉ်းပြီး ကမ္ဘောဇဘဏ်အား လျော်ကြေးပေးရန်နှင့် ကမ္ဘောဇဘဏ် နှင့်/သို့မဟုတ် ယင်း၏ဝန်ထမ်းများအားထိခိုက်နစ်နာမှုမဖြစ်စေရန်အတွက် အကာအကွယ်ပေးသွားရန် ကတ်ကိုင်ဆောင်သူက သဘောတူသည်။

## **၉။ နိုင်ငံခြားငွေဖြင့် TRANSACTION ပြုလုပ်ခြင်း**

၉။၁။ ကတ်ကိုင်ဆောင်သူသည်မြန်မာကျပ်ငွေဖြင့်ပေးချေရမည်။ အကယ်၍ ပေးချေမှုများအတွက် နိုင်ငံခြားငွေကြေးဖြင့် လက်ခံရရှိခဲ့ပါက သို့မဟုတ် ပြန်လည်ရရှိခြင်းဖြစ်ပါက ကမ္ဘောဇဘဏ်မှသတ်မှတ်သည့် နိုင်ငံခြားငွေပေါက်ဈေးအတိုင်း မြန်မာကျပ်ငွေသို့ပြောင်းလဲသွားမည်ဖြစ်သည်။ ငွေကြေးစနစ်ပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာရသည့် မည်သို့သော တန်ဖိုးလျော့ကျမှုမျိုးအတွက်မဆို ကမ္ဘောဇဘဏ်အား ပေးလျော်ရန်၊ မည်သည့်ဆုံးရှုံးမှုမျိုးအတွက်မဆိုတာဝန်ယူရန် နှင့် မည်သို့သော ဆုံးရှုံးနိုင်ခြေအတွက်မဆိုကျခံရန် ကတ်ကိုင်ဆောင်သူက သဘောတူသည်။

၉။၂။ နိုင်ငံခြားငွေဖြင့်ပြုလုပ်သည့် transaction အားလုံးအပေါ် ကောက်ခံမည့် ငွေလွှဲခပမာဏ သို့မဟုတ် ကမ္ဘောဇဘဏ်က သတ်မှတ်သည့် အခြားသောပမာဏအပေါ် သတ်မှတ်ထားသည့်အခကြေးငွေပမာဏအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ ကမ္ဘောဇဘဏ်သည် ကတ်ကိုင်ဆောင်သူထံသို့ မည်သည့်ကြိုတင်အသိပေးအကြောင်းကြားမှုမပြုလုပ်ဘဲ နိုင်ငံခြားငွေကြေးဖြင့် ငွေထုတ်ယူမှုအတွက် ငွေကြေးစနစ်ပြောင်းလဲမှုနှုန်းထားများသည် အခါအားလျော်စွာ ပြောင်းလဲနိုင်ခွင့်ရှိသည်။

## **၁၀။ အခွင့်အရေးရရှိမည့်အစီအစဉ်များ**

၁၀။၁။ ကတ်ကိုင်ဆောင်သူထံသို့ထုတ်ပေးထားသည့်ကတ်ဖြင့် အမျိုးမျိုးသော အခွင့်အရေးများရရှိနိုင်မည့် အစီအစဉ်များ သို့မဟုတ် အကျိုးကျေးဇူးများကို အခါအားလျော်စွာ ရရှိနိုင်မည်ဖြစ်သည်။ ကမ္ဘောဇဘဏ်သည် မည်သည့်အချိန်တွင်မဆို မည်သည့်အကြောင်းကြောင့်ဖြစ်စေ ၎င်းဝန်ဆောင်မှု သို့မဟုတ် အကျိုးကျေးဇူး သို့မဟုတ် ပုံသဏ္ဍာန် သို့မဟုတ် အခွင့်အရေးများအား မည်သည့် အသိပေးအကြောင်းကြားမှုမျိုးကိုမျှမလုပ်ဘဲ ဖြည့်စွက်ခြင်း၊ မွမ်းမံခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုလုပ်ပိုင်ခွင့်ရှိသည်။

၁၀။၂။ အခွင့်အရေးအစီအစဉ်အတွင်းပါဝင်သည့်အဖွဲ့အစည်းများထံမှ ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများအား ကတ်ကိုင်ဆောင်သူက ဝယ်ယူခြင်းနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်တွင်မည်သည့်အချိန်တွင်မဆို တာဝန်ရှိခြင်း သို့မဟုတ် တာဝန်ယူရှိသည်ဟု မှတ်ယူခြင်းမရှိစေရပါ။

## ၁၁။ အငြင်းပွားမှုအတွက်လျှောက်ထားခြင်း

၁၁။၁။ စိတ်ကျေနပ်မှုမရှိသည့်/ခွင့်ပြုချက်မရှိသည့် transaction များနှင့်ပတ်သက်ပြီး ကတ်ကိုင်ဆောင်သူသည် အငြင်းပွားမှုကို လျှောက်ထားနိုင်သည်။

၁၁။၂။ ခွင့်ပြုချက်မရှိသည့် transaction များနှင့်ပတ်သက်ပြီး ကတ်ကိုင်ဆောင်သူသည် အငြင်းပွားမှုကို လျှောက်ထားနိုင်သည်။ အငြင်းပွားမှုလျှောက်ထားခြင်းအား transaction ပြုလုပ်ခဲ့သည့်နေ့မှစ၍ အောက်ဖော်ပြပါရက်သတ်မှတ်ချက်များအတွင်း လျှောက်ထား နိုင်သည် -

UPI – အလုပ်လုပ်ရက် ၃၀ ရက်

MPU – အလုပ်လုပ်ရက် ၃၀ ရက်

၁၁။၃။ ခိုးယူခြင်းခံရသည့်ကတ်အတွက်ဖြစ်စေ၊ အငြင်းပွားမှုအတွက်ဖြစ်စေ ကတ်ကိုင်ဆောင်သူသည် အီးမေးလ်မှတစ်ဆင့် စာဖြင့်ရေးသား၍ဖြစ်စေ သို့မဟုတ် ကမ္ဘောဇဘဏ် Call Center သို့ဖုန်းခေါ်ဆို၍ဖြစ်စေ အသိပေးအကြောင်းကြားရမည်။

၁၁။၄။ အငြင်းပွားမှုအတွက် ကမ္ဘောဇဘဏ်နှင့်ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး အငြင်းပွားမှုကုန်ကျစရိတ်များအား ပေးချေရမည့်ကိစ္စကို ကတ်ကိုင်ဆောင်သူက အပြည့်အဝတာဝန်ယူရမည်ဖြစ်သည်။

၁၁။၅။ လုံခြုံမှုအတွက်ဖြစ်စေ၊ အငြင်းပွားမှုအတွက်ဖြစ်စေ ကမ္ဘောဇဘဏ်က ချမှတ်သည့်ဆုံးဖြတ်ချက်အား ကတ်ကိုင်ဆောင်သူက သဘောတူပြီးလက်ခံသည်။

## ၁၂။ ရပ်စဲခြင်း

ကတ်ကိုင်ဆောင်သူသည် ကတ်ကိုင်ဆောင်မှုအားရပ်စဲသည့် အသိပေးအကြောင်းကြားခြင်းကို ကမ္ဘောဇဘဏ်သို့စာဖြင့်ရေးသား အကြောင်းကြားပြီး ကတ်အသုံးပြုမှုအားရပ်စဲနိုင်သည်။ ကတ်အသုံးပြုမှုအားရပ်စဲလိုက်ပြီဆိုသည်နှင့် ကတ်အား ကမ္ဘောဇဘဏ်သို့ ပြန်လည်အပ်နှံရမည်။ ကမ္ဘောဇဘဏ်သည် မည်သည့်အချိန်တွင်မဆို ကမ္ဘောဇဘဏ်၏ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် မည်သည့်အသိပေးအကြောင်းကြားမှုကိုမျှမပြုလုပ်ဘဲ ငွေထုတ်ဝန်ဆောင်မှု သို့မဟုတ် ကတ်အသုံးပြုမှုအား ရပ်စဲနိုင်ခွင့်ရှိမည်ဖြစ်သည်။

## ၁၃။ ဆက်သွယ်ရေး

၁၃.၁။ Call Centre ဝန်ဆောင်မှုသည် ကတ်ကိုင်ဆောင်သူအနေဖြင့် သတင်းအချက်အလက်များနှင့်ဝန်ဆောင်မှုများကို တယ်လီဖုန်း၊ လူမှုမီဒီယာ သို့မဟုတ် အခြားသောဆက်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ကမ္ဘောဇဘဏ်ထံမှ ရရှိနိုင်သည့် ဝန်ဆောင်မှု ဖြစ်သည်။ နှစ်စဉ်ကြေး၊ ငွေလဲလှယ်နှုန်း၊ ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များနှင့် အခြားသော သတင်း အချက်အလက်များ အပါအဝင် သတင်းအချက်အလက်အားလုံးကို ရယူခြင်းသည် ညွှန်းဆိုရန်သာဖြစ်သည်။

၁၃.၂။ စာဖြင့်အတိအလင်းရေးသားဖော်ပြထားမှုမရှိပါက ကတ်ကိုင်ဆောင်သူထံသို့ ကမ္ဘောဇဘဏ်၏အကြောင်းကြားမှု၊ ဆက်သွယ်မှုများ သည် အောက်ပါအချက်များနှင့်ကိုက်ညီလျှင် အကျိုးသက်ရောက်မှုရှိသည် -

၁၃.၂.၁။ မြန်မာနိုင်ငံအတွင်းရှိလိပ်စာတစ်ခုသို့ စာတိုက်မှပေးပို့ခြင်းဖြစ်သည်ဆိုလျှင် ပေးပို့ပြီးသည့်နောက် အလုပ်လုပ်ရက် (၃) ရက် သို့မဟုတ် (၄) ရက်အတွင်း၊

၁၃.၂.၂။ အီလက်ထရောနစ်မေးလ် သို့မဟုတ် SMS ဖြင့်ပေးပို့သည်ဆိုပါက ပေးပို့သည့်အချိန်၊

၁၃.၂.၃။ လက်ဖြင့်ကိုယ်တိုင်ပေးပို့သည်ဆိုလျှင် ပေးပို့လွှဲပြောင်းပြီးသည့်အချိန်၊

၁၃.၂.၄။ ကမ္ဘောဇဘဏ်၏ဘဏ်ခွဲများ သို့မဟုတ် ATM များတွင်ကပ်ထားခြင်း သို့မဟုတ် လူမှုမီဒီယာ သို့မဟုတ် ကမ္ဘောဇဘဏ်၏ တရားဝင်ဝက်ဆိုက်တွင်တင်ထားခြင်းဖြစ်ပါက ကပ်ထားသည့်နေ့ သို့မဟုတ် တင်လိုက်သည့်နေ့တို့ ဖြစ်ပါသည်။

၁၃.၃။ အကြောင်းကြားခြင်း သို့မဟုတ် ဆက်သွယ်မှုပြုလုပ်ခြင်းများအား ပြုလုပ်ပြီးနောက် ယင်းတို့တွင်ဖြစ်သည့် ကိစ္စရပ်များကြောင့် ကမ္ဘောဇဘဏ်တွင်တာဝန်မရှိစေရ။ ဥပမာ - မည်သည့်အကြောင်းကြားခြင်း သို့မဟုတ် ဆက်သွယ်မှုသည် နှောင့်နှေးနေခြင်း၊ ကြားဖြတ်ခံရခြင်း၊ ပျောက်ဆုံးခြင်း၊ မရောက်ရှိခြင်း သို့မဟုတ် ပေးပို့နေစဉ် မည်သူ့ထံသို့မဆို ပေါက်ကြားသွားခြင်းများကို ဆိုလိုသည်။

## ၁၄။ အသုံးပြုသူ၏အရည်အချင်းပြည့်မီမှု

ဤဝန်ဆောင်မှုအားလုံးအား အသုံးပြုရန်အတွက် ကတ်ကိုင်ဆောင်သူသည် တရားဥပဒေအရတာဝန်ရှိသူဖြစ်ကြောင်း ကတ်ကိုင်ဆောင်သူက ကိုယ်စားပြုပြီးအာမခံသည်။ မှတ်တမ်းထားရှိနိုင်ရေးအတွက် ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်သို့ တရားဝင်အမည်အပြည့်အစုံ၊ မှတ်ပုံတင် သို့မဟုတ် နိုင်ငံကူးလက်မှတ်နံပါတ်၊ စာတိုက်လိပ်စာ၊ ဖုန်းနံပါတ် နှင့်

အီးမေးလ် လိပ်စာများပေးရန်သဘောတူသည်။ ကတ်ကိုင်ဆောင်သူအနေဖြင့် ယင်းသတင်းအချက်အလက်များအား ထိန်းထားရမည့် တာဝန်ရှိသည်။ ကမ္ဘောဇဘဏ်သည် ကတ်ကိုင်ဆောင်သူကပေးသည့် သတင်းအချက်အလက်မှန်သမျှသည် မှန်ကန်၊ တိကျပြီး နောက်ဆုံးအခြေအနေ နှင့်ကိုက်ညီမှုရှိကြောင်း မှတ်ယူမည်ဖြစ်သည်။

## ၁၅။ ထုတ်ဖော်ပြောဆိုခြင်း

၁၅။၁။ ကမ္ဘောဇဘဏ်သည် ကတ်ကိုင်ဆောင်သူထံမှရယူထားသည့် ကိုယ်ရေးအချက်အလက်များအပြင် ကတ်ကိုင်ဆောင်သူ၏ ငွေစာရင်းဆိုင်ရာအချက်အလက်များ သို့မဟုတ် ကတ်ကိုအသုံးပြုပြီးကတ်ကိုင်ဆောင်သူကပြုလုပ်သည့် transaction နှင့်သက်ဆိုင်သည့်အချက်အလက်များအား မည်သည့်စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာအာဏာပိုင်၊ တရားဥပဒေစိုးမိုးရေး အာဏာပိုင် သို့မဟုတ် တရားရုံးများထံသို့မဆို ပေးအပ်နိုင်သည်။ အောက်ဖော်ပြပါအကြောင်းများကြောင့် ကမ္ဘောဇ ဘဏ်သည် ကတ်ကိုင်ဆောင်သူ၏ကိုယ်ရေးအချက်အလက်များအားမျှဝေနိုင်သည်-

၁၅။၁။၁။ လိမ်လည်မှုများ၊ လုံခြုံမှုဆိုင်ရာကိစ္စရပ်များ သို့မဟုတ် နည်းပညာဆိုင်ရာကိစ္စရပ်များအား ကိုင်တွယ်ဖြေရှင်းရန်လိုအပ်ပါက တရားဥပဒေ၏လိုအပ်ချက် သို့မဟုတ် တရားရုံးအမိန့်ကို လိုက်နာဖြည့်ဆည်းခြင်း

၁၅။၂။ ကတ်ကိုင်ဆောင်သူသည် Card နှင့်ပတ်သက်ပြီး ရိုးဖြောင့်သောသဘောဖြင့်သာဆောင်ရွက်ရန်၊ ကတ်အား သင့်တင့်လျောက်ပတ်သော ဂရုစိုက်မှုဖြင့်အသုံးပြုရမည်ဖြစ်ပြီး ငွေစာရင်းဆိုင်ရာ အသေးစိတ် အချက်အလက်များ၊ MPU-UPI Dual Brand Debit Card ဆိုင်ရာအသေးစိတ်အချက်အလက်များ၊ PIN နံပါတ် သို့မဟုတ် Green PIN နံပါတ် နှင့် အခြားသောကိုယ်ရေးဆိုင်ရာ အချက်အလက်များ (ကိုယ်ရေးအထောက်အထားများ) အား လျှို့ဝှက်ထားရှိခြင်းအတွက် တာဝန်ရှိသည်။ ကတ်ကိုင်ဆောင်သူက အထောက်အထားများသည် ကတ်ကိုင်ဆောင် သူ၏ ကိုယ်ရေးအချက်အလက်များဖြစ်ကြောင်း အသိအမှတ်ပြု ကိုယ်စားပြုကာ အတည်ပြုသည်။ အလားတူ အထောက်အထားများအား အမြဲတစ်စေထိန်းသိမ်းထားရန် ကတ်ကိုင်ဆောင်သူက ဆောင်ရွက်ရမည်။ ကတ်ကိုင်ဆောင် သူအနေဖြင့်အထောက်အထားများအား မည်သည့်တတိယအုပ်စုထံသို့ မည်သို့သော အခြေအနေမျိုးတွင်မဆို ထုတ်ဖော်ပြောဆိုပါက ကမ္ဘောဇဘဏ်တွင် တာဝန်ယူရခြင်း သို့မဟုတ် တာဝန်ရှိခြင်းမဖြစ်စေရ။

## ၁၆။ ကတ်ကိုင်ဆောင်သူ၏ငွေစာရင်းမှနုတ်ယူခြင်း

၁၆။၁။ အပြီးသတ်အတည်ပြုချက်ဖြစ်ပြီး ကတ်ကိုင်ဆောင်သူလိုက်နာရမည့် ဘဏ်၏မှတ်တမ်းများအရ ကတ်အသုံးပြုခြင်းကြောင့် အကျိုးသက်ရောက်မှုဖြစ်လာသည့် transaction များအတွက် ကတ်ကိုင်ဆောင်သူ၏ သတ်မှတ်ထားသည့် စာရင်းမှ ကမ္ဘောဇဘဏ်အနေဖြင့် ထုတ်ယူပိုင်ခွင့်ရှိသည်။ သတ်မှတ်ထားသည့်ငွေစာရင်းမှ နုတ်ယူခြင်းပြုလုပ်ရန် ကတ်ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်အား ခွင့်ပြုချက်အတိအလင်းပေးထားသည်။

၁၆။၂။ ကတ်ကိုအသုံးပြုပြီး ငွေထုတ်ယူမှုအပါအဝင် ဆောင်ရွက်လိုက်သည့် transaction အားလုံးအတွက် ကတ်ကိုင်ဆောင်သူက သတ်မှတ်ပေးထားသည့် ငွေစာရင်းမှ ကမ္ဘောဇဘဏ်အနေဖြင့်ထုတ်ယူနိုင်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ကတ်ကိုင်ဆောင်သူက ၎င်း၏ သတ်မှတ်ငွေစာရင်း(များ) မှ transaction (များ) ၏ပမာဏအပြင် ၎င်း၏ကတ်အသုံးပြုကြောင့် အခများ ရှိသည်ဆိုလျှင် ယင်းတို့အား နှုတ်ယူရန် ကမ္ဘောဇဘဏ်အား အခွင့်အာဏာယတိပြတ် အပ်နှင်းထားသည်။

၁၆။၃။ ကတ်နှင့်ပတ်သက်၍လည်းကောင်း၊ ပေးလိုက်သည့်ဝန်ဆောင်မှုနှင့်ပတ်သက်၍လည်းကောင်း ကမ္ဘောဇဘဏ်က ဆုံးဖြတ်မည့် သတ်မှတ်အခကြေးငွေနှင့်စရိတ်အားလုံးအတွက် သတ်မှတ်ထားသည့်ငွေစာရင်းမှ ကမ္ဘောဇဘဏ်ကနှုတ်ယူမည်ဖြစ်သည်။

၁၆။၄။ သက်ဆိုင်ရာဥပဒေစရိတ် သို့မဟုတ် transaction စရိတ်အားလုံးအတွက် နှုတ်ယူရန်နှင့် ကောက်ခံရန်အတွက် ကတ်ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်အား အခွင့်အာဏာအပ်နှင်းထားသည်။

## ၁၇။ နေ့စဉ်ငွေထုတ်ကန့်သတ်ချက်

ကတ်ကိုင်ဆောင်သူကထုတ်ယူမည့် နေ့စဉ်ငွေထုတ်ယူမှုအပေါ်ပမာဏကန့်သတ်ချက်အား ကန့်သတ်ရန်နှင့် ထုတ်ယူမည့် ငွေအမျိုးအစားအပေါ်ဆုံးဖြတ်ရန် ကမ္ဘောဇဘဏ်တွင် လုပ်ပိုင်ခွင့်အပြည့်အဝရှိသည်။

## ၁၈။ TRANSACTION ပြုလုပ်ခြင်း

၁၈။၁။ ATM/POS က ထုတ်ပေးလိုက်သည့် transaction မှတ်တမ်းများမှာအတည်ပင်ဖြစ်ပြီး ကမ္ဘောဇဘဏ်ကစစ်ဆေး၊ ပြင်ဆင်မှုမရှိပါက ယင်းအတိုင်းလိုက်နာရမည်ဖြစ်သည်။ အတည်ပြုစစ်ဆေးပြီး ပြင်ဆင်ထားသည့် ပမာဏအတိုင်း ကတ်ကိုင်ဆောင်သူကလိုက်နာရမည်။

၁၈။၂။ ကတ်ကိုင်ဆောင်သူက လက်မှတ်ထိုးထားသည့်မည်သည့်အရောင်းပြေစာမဆိုသည် ကတ်ကိုင်ဆောင်သူကျခံထားပြီး ယင်းပြေစာတွင်ဖော်ပြထားသည့် အခများအတွက် အပြီးသတ်အဆုံးအဖြတ်ပင်ဖြစ်ပြီး ယင်းကို ကမ္ဘောဇဘဏ်က ကတ်ကိုင်ဆောင်ထံမှ ကောက်ခံမည်ဖြစ်သည်။

၁၈။၃။ ချိတ်ဆက်ထားသည့်ငွေစာရင်းအတွင်း ငွေကြေးအလုံအလောက်မရှိပါက transaction ပြုလုပ်မှုကို ကမ္ဘောဇဘဏ်က ငြင်းပယ်မည်ဖြစ်ကြောင်း ကတ်ကိုင်ဆောင်သူက သိရှိသဘောတူသည်။

KBZ BANK
Premium Banking

၁၈။၄။ ATM တွင်ပြုလုပ်သည့် transaction များ၏ Transaction မှတ်တမ်း (Transaction Log) သည် ယင်းတွင်မှတ်တမ်းတင်ထားပြီး ကတ်ကိုင်ဆောင်သူကျခံရသည့် အဖိုးအခများအတွက် အပြီးသတ် အထောက်အထား ဖြစ်သည်။ PIN နံပါတ်အား အတည်ပြုလိုက်ခြင်းသည် ကတ်ကိုင်ဆောင်သူအစစ်အမှန်ဖြစ်ကြောင်း နှင့် transaction အစစ်အမှန်ဖြစ်ကြောင်း အတည်ပြုလိုက်ခြင်းဖြစ်သည်။ ကမ္ဘောဇဘဏ်သည် ကတ်ဖြင့်ဆောင်ရွက်နိုင်သည့် တစ်နေ့တာ transaction အရေအတွက်အား သတ်မှတ်ပိုင်ခွင့်ရှိသည်။

၁၈။၅။ ကမ္ဘောဇဘဏ်အနေဖြင့် ထိုသို့သောအသိပေးအကြောင်းကြားမှုအား အမှန်တကယ်လက်ခံရရှိခြင်းမရှိမီ ကတ်ကိုင်ဆောင်သူ ခွင့်ပြုလိုက်သည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ကတ်အသုံးပြုမှုနှင့်သက်ဆိုင်သည့် transaction အားလုံးအတွက် ကတ်ကိုင်ဆောင်သူထံတွင်အပြည့်အဝ တာဝန်ရှိသည်။

## ၁၉။ ခုနှိမ်ပိုင်ခွင့်

တတိယအုပ်စုဝင်ကဖြစ်စေ၊ ကမ္ဘောဇဘဏ်က မှားယွင်း၍ဖြစ်စေ၊ သို့မဟုတ် မည်သည့်အကြောင်းကြောင့်ဖြစ်စေ မှားယွင်းပေးပို့မိသော မည်သည့်ပိုင်ငွေကိုမဆို ပြန်ပေးရန် ကတ်ကိုင်ဆောင်သူထံတွင် တာဝန်ရှိသည်။ ထိုသို့သောငွေကြေးသည် ကတ်ကိုင်ဆောင်သူက မှန်မှန်ကန်ကန်ပိုင်ဆိုင်ရရှိရမည့်ငွေကြေးမဟုတ်သည့်အတွက် ကမ္ဘောဇဘဏ်သည် ထိုသို့ပို၍ ထုတ်ပေးမိသောငွေကို မည်သည့်ကန့်သတ်ချက်မျှမရှိဘဲ သို့မဟုတ် အသိပေး အကြောင်းကြားမှုမလုပ်ဘဲ သို့မဟုတ် ကျိုးကြောင်းဆီလျော်သည့် အခြားသောနည်းဖြင့် ခုနှိမ်ပိုင်ခွင့်ရှိသည်။

## ၂၀။ မလွန်ဆန်နိုင်သော ဖြစ်ရပ်များ

ဤဝန်ဆောင်မှုကို ကမ္ဘောဇဘဏ်က ဆောင်ရွက်ပေးနေစဉ်ကာလအတွင်း သဘာဝဘေးအန္တရာယ်၊ စစ်ဖြစ်ပွားမှု၊ ဆန္ဒပြမှု သို့မဟုတ် အလုပ်သမားအငြင်းပွားမှု၊ ကုန်သွယ်ရေးပိတ်ပင်မှု၊ အစိုးရအမိန့်၊ မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မုန်တိုင်း သို့မဟုတ် အလွန်ဆိုးရွားသည့် ရာသီဥတုအခြေအနေများ၊ ဆူပူအုံကြွမှု၊ ပုန်ကန်မှု၊ လူထုမငြိမ်မသက်ဖြစ်မှု၊ စီးပွားရေးပိတ်ဆို့အရေးယူမှု၊ သပိတ်မှောက်မှု၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု၊ စက်ချွတ်ယွင်းမှု သို့မဟုတ် အခြားသော မလွန်ဆန်နိုင်သော ဖြစ်ရပ်များသာဖြစ်သည်ဟု ကန့်သတ်ထားမှုမရှိသော်လည်း ယင်းတို့အပါအဝင်ဖြစ်ပြီး ကမ္ဘောဇဘဏ် မှ ကျိုးကြောင်းဆီလျော်စွာ ထိန်းချုပ်နိုင်မှုထက် ကျော်လွန်နေသည့် ဖြစ်ရပ်များကြောင့် အချိန်ကာလတစ်ရပ်အထိ ဖြစ်ပေါ် လာရသည့် မည်သည့်လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးမှုဖြစ်ခြင်းများအတွက်မဆို ကမ္ဘောဇဘဏ်တွင် တာဝန်မရှိကြောင်းကို ကတ်ကိုင်ဆောင်သူသည်နားလည်သဘောတူပါသည်။ ကမ္ဘောဇဘဏ်သည် ယင်းသို့သော အခြေအနေများကြောင့် အဟန့်အတားဖြစ်ခြင်း၊ အတားအဆီးဖြစ်ခြင်း သို့မဟုတ် နှောင့်နှေးနေခြင်းများကြုံတွေ့နေရသည့် အတိုင်းအတာအပေါ် မူတည်၍ အဆိုပါအခြေအနေများ ပြီးဆုံးသွားသည့်အချိန်အထိ ကမ္ဘောဇဘဏ်က ပေးနေသည့် ဤဝန်ဆောင်မှုအား

ဆိုင်းငံ့ထားမည် ဖြစ်သည်။ ထိုသို့သောအခြေအနေများ ဆက်လက်ဖြစ်ပျက်နေစဉ်ကာလအတွင်း ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များတွင် ဖော်ပြထားသော တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်၊ ထမ်းဆောင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများ အတွက် ကမ္ဘောဇဘဏ်အနေဖြင့် ကတ်ကိုင်ဆောင်သူအပေါ်တွင်ဖြစ်စေ သို့မဟုတ် အခြားမည်သည့်လူပုဂ္ဂိုလ်တစ်ဦးဦးအပေါ်တွင် ဖြစ်စေ တာဝန်ရှိစေခြင်း သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအား ချိုးဖောက်ခြင်းဖြစ်သည်ဟု မှတ်ယူခြင်း မရှိစေရပါ။

## ၂၁။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် စီးပွားရေးအရေးယူမှုများ

၂၁။၁။ လူပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် သဘောတူညီချက်ပြုလုပ်ခြင်း သို့မဟုတ် ၎င်းတို့ပါဝင်သည့် transaction များပြုလုပ်ခြင်းများမှ ကမ္ဘောဇဘဏ်အား တားဆီးပိတ်ပင်မှုပြုလုပ်နိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သို့မဟုတ် အခြားသောနိုင်ငံများ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေများကို ကမ္ဘောဇဘဏ်က လိုက်နာရပါသည်။

၂၁။၂။ ကမ္ဘောဇဘဏ်သည် ၎င်း၏ငွေကြေးခဝါချမှုတိုက်ဖျက်ရေး သို့မဟုတ် အကြမ်းဖက်အဖွဲ့များအား ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေးနှင့် စီးပွားကုန်သွယ်မှုပိတ်ဆို့အရေးယူမှုများကို စီမံခန့်ခွဲရေး သို့မဟုတ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်အခြားသောဥပဒေနှင့် စည်းမျဉ်းများနှင့်မဆိုကိုက်ညီမှုရှိစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်အားလုံးကို ကတ်ကိုင်ဆောင်သူကပေးအပ်ရမည်။

၂၁။၃။ မည်သည့် transaction မျိုးအတွက်မဆို ကမ္ဘောဇဘဏ်က ဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ ဥပဒေများကိုသော်လည်းကောင်း၊ အခြားမည်သည့်နိုင်ငံမဆို၏ ဥပဒေများကိုသော်လည်းကောင်း ချိုးဖောက်မှု မရှိကြောင်း ကတ်ကိုင်ဆောင်သူကထုတ်ဖော်ကြေညာပြီး တာဝန်ယူသည်။

## ၂၂။အထွေထွေ

၂၂။၁။ ကမ္ဘောဇဘဏ်သည် ကတ် သို့မဟုတ် ATM သို့မဟုတ် POS များချွတ်ယွင်းနေခြင်း၊ စက်များအတွင်း ငွေကြေး အလုံအလောက်မရှိခြင်း၊ စက်ပစ္စည်းပိုင်းဆိုင်ရာချွတ်ယွင်းခြင်း သို့မဟုတ် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်း သို့မဟုတ် အခြားသောအကြောင်းတစ်စုံတစ်ရာကြောင့် ဖြစ်ပေါ်လာသည့် ATM ဝန်ဆောင်မှုများအသုံးမပြုနိုင်ခြင်း သို့မဟုတ် မည်သည့်အကြောင်းကြောင့်ဖြစ်စေ ကုန်သည်ဆိုင်များတွင် POS terminalsများ ရရှိနိုင်မှု မရှိခြင်းတို့အတွက် ကမ္ဘောဇဘဏ်သည် မည်သည့်နည်းနှင့်မျှ တာဝန်မရှိပါ။

၂၂။၂။ ATM စက်၏ online အလုပ်မလုပ်ခြင်း သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာချို့ယွင်းချက်များရှိနေပါက ATM

transaction များအား ထိုနေ့ချင်း/နောက်အလုပ်လုပ်ရက် သို့မဟုတ် ကြန့်ကြာသွားသည့်အချိန်တို့အား ထည့်သွင်းရေတွက် သွားမည်ဖြစ်သည်။

၂၂။၃။ ကမ္ဘောဇဘဏ်သည် မည်သည့်အကြောင်းပြချက်မျှမပေးဘဲ ဝန်ဆောင်မှုအသစ်များ၊ အခြားဝန်ဆောင်မှုများကို မိတ်ဆက်ပေးနိုင်သည်။ Delays in Card/PIN/Green PIN ပေးပို့မှုနှောင့်နှေးခြင်းသည် ကမ္ဘောဇဘဏ်၏ ထိန်းချုပ်နိုင်မှုထက်ကျော်လွန်သည့်အခြေအနေများကြောင့် ဖြစ်ပေါ်နိုင်သည်။

၂၂။၄။ ဥပဒေနှင့်ဆန့်ကျင်သည့် သို့မဟုတ် ဥပဒေကတားမြစ်ထားသည့် တရားမဝင်ဆောင်ရွက်ချက် သို့မဟုတ် မည်သည့်အစီအစဉ်မျိုးအတွက် ကတ်ကိုင်ဆောင်သူသည် ကတ်ကိုအသုံးပြုခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်းမပြုရ။

၂၂။၅။ ကတ်ကိုင်ဆောင်သူအနေဖြင့် ကတ်အားပိတ်သိမ်းမည်ဆိုပါက ၎င်းကိုယ်တိုင် ကမ္ဘောဇဘဏ်၏ ဘဏ်ခွဲများသို့ လူကိုယ်တိုင်လာရောက်ရမည်။

၂၂။၆။ ကတ်ပိတ်ပြီးပါက ကတ်ကိုင်ဆောင်သူသည် ကတ်အား ကမ္ဘောဇဘဏ်သို့ချက်ခြင်းပြန်လည်အပ်နှံရမည်။

၂၂။၇။ ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်သို့၎င်းပေးထားသည့် ၎င်း၏လိပ်စာ၊ ဖုန်းနံပါတ် သို့မဟုတ်အခြားသောအကြောင်းအရာများတွင်အပြောင်းအလဲရှိသည်ဆိုပါက ကမ္ဘောဇဘဏ်သို့ ဖြစ်နိုင်သမျှ စောလျင်စွာအကြောင်းကြားရမည်။

၂၂။၈။ ကတ်ကိုင်ဆောင်သူသည် ငွေစာရင်းအခြေအနေ/ကတ်အခြေအနေ ပြောင်းလဲမှုတစ်စုံတစ်ရာရှိပါက Update လုပ်ရန်အတွက် ကတ်ကိုင်ဆောင်သူသည် ကမ္ဘောဇဘဏ်သို့ အသိပေး အကြောင်းကြားရန် ကတ်ကိုင်ဆောင်သူ/ စာရင်းပိုင်ရှင်ထံတွင် အပြည့်အဝတာဝန်ရှိသည်။ ကမ္ဘောဇဘဏ်သည် ကတ်ကိုင်ဆောင်သူ၏ ကမ္ဘောဇဘဏ် ငွေစာရင်းအခြေအနေ ပြောင်းလဲခြင်းကြောင့် ကတ်ကိုင်ဆောင်သူ၏ ငွေစာရင်းအခြေအနေပြောင်းလဲခြင်း/ ကတ်အခြေအနေပြောင်းလဲခြင်းနှင့်ပတ်သက်၍ ကမ္ဘောဇဘဏ်ဘက်မှ မည်သည့်တာဝန်မျှမရှိပါ။

၂၂။၉။ ကမ္ဘောဇဘဏ်သည် ကတ်ကိုင်ဆောင်သူအား ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ ဤဝန်ဆောင်မှုအား မည်သည့်အချိန်တွင်မဆို မည်သည့်အကြောင်းကြောင့်ဖြစ်စေ ကမ္ဘောဇဘဏ်၏ တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပယ်ဖျက်ခြင်း သို့မဟုတ် ရုတ်သိမ်းခြင်းတို့အား ဆောင်ရွက်နိုင်မည်ဖြစ်သည်။

KBZ BANK
Premium Banking

၂၂။၁၀။ ကတ်ကိုင်ဆောင်သူသည် အထက်ပါစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား ဖတ်ရှုနားလည် သဘောပေါက် ပြီး ဖြစ်သည်ကိုပြသသည့်အနေဖြင့် လျှောက်လွှာအားလက်မှတ်ထိုးပြီးနောက် ပြန်လည်ပေးအပ်ရမည်။

## ၂၃။ ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်

ကမ္ဘောဇဘဏ်၏ဝဘ်ဆိုက်နှင့် စာရွက်စာတမ်းအားလုံးတွင် အကြောင်းအရာအဖြစ်ဖြင့်ဖြစ်စေ၊ စကားအသုံးအနှုန်း ပုံစံအဖြစ်ဖြင့် ဖြစ်စေ ပါရှိသော ကုန်အမှတ်တံဆိပ်၊ သင်္ကေတ၊ စာလုံးအမှတ်အသား၊ လုပ်ငန်းဝန်ဆောင်မှု အမှတ်အသား၊ ကုန်အမှတ်တံဆိပ် အမည်နှင့် ဒီဇိုင်းလက်ရာအားလုံး၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အရပ်ရပ်သည် ကမ္ဘောဇဘဏ်၏ မူပိုင်ဖြစ်သည်။ ကုမ္ပဏီသည် ကမ္ဘောဇဘဏ်၏ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် သုံးစွဲခြင်းမပြုရ သို့မဟုတ် ကမ္ဘောဇဘဏ်မှ စာဖြင့် ရေးသားထားသော ကြိုတင်ခွင့်ပြုချက် ရရှိထားခြင်းမရှိဘဲ မည်သည့်ကိစ္စကိုမဆို ကြော်ငြာခြင်းမပြုရ။ ကုမ္ပဏီသည် ကမ္ဘောဇဘဏ်၏ပုံရိပ်၊ ကုန်အမှတ်တံဆိပ်၊ လုပ်ငန်းအမည် သို့မဟုတ် အခြားဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်ကို ထိခိုက်ပျက်ပြားစေနိုင်သည့် မည်သည့်ပြုလုပ်မှုမျိုးကိုမဆို ပြုလုပ်ခွင့်ရှိမည်မဟုတ်ပါ သို့မဟုတ် အခြားသူက ပြုလုပ်ခြင်းကိုလည်း ခွင့်ပြုပေးပိုင်ခွင့်ရှိမည်မဟုတ်ပါ။

## ၂၄။ အငြင်းပွားမှုဖြေရှင်းခြင်း

၂၄။၁။ transaction နှင့် စာရင်းရှင်းတမ်းအား လစဉ်စာရင်းညှိနှိုင်းဆောင်ရွက်ရန်အတွက် ကတ်ကိုင်ဆောင်သူ ထံတွင် သာလျှင် တာဝန်ရှိသည်။

၂၄။၂။ ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များကြောင့် အငြင်းပွားမှုများဖြစ်ပေါ်လာပါက ထိုသို့သောအငြင်းပွားမှု ဖြစ်ပေါ်ပြီး အလုပ်လုပ်ရက် ရက်ပေါင်း (၃၀) အတွင်း နှစ်ဖက်လုံးက အတတ်နိုင်ဆုံးဖြေရှင်းရမည်။

၂၄။၃။ အလုပ်လုပ်ရက် ရက်ပေါင်း (၃၀) အတွင်း ကမ္ဘောဇဘဏ် နှင့် ကတ်ကိုင်ဆောင်သူ တို့အကြား အငြင်းပွားမှုကိုဖြေရှင်းနိုင်ခြင်းမရှိလျှင် တစ်ဖွဲ့မှတစ်ဖွဲ့သို့စာဖြင့်အသိပေး အကြောင်းကြားပြီး ထို အငြင်းပွားမှု၊ မကျေနပ်မှု၊ ဆွေးနွေးရန်လိုအပ်မှု သို့မဟုတ် သဘောထား ကွဲပြားမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးများ၏ အပြီးသတ်အဆုံးအဖြတ်ကို ခံယူစေရမည်။ ထိုသို့သောတရားရုံးများ၏ စီရင်ချက်/ဆုံးဖြတ်ချက်များသည် အတည်ဖြစ်ပြီး နှစ်ဖွဲ့လုံးကလိုက်နာရမည်။

## ၂၅။ ပြင်ဆင်ခြင်း

ဤစည်းကမ်းချက်များပါ မည်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် ဝန်ဆောင်မှု နှင့်/သို့မဟုတ် မည်သည့်အဖိုးအခကိုမဆို မည်သည့် အချိန်တွင်မဆို၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ မည်သည့်ကြိုတင်အကြောင်းကြားခြင်းကိုမျှ

ပြုလုပ်ခြင်းမရှိဘဲ ကမ္ဘောဇဘဏ်သည် ၎င်း၏တစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်ခွင့်၊ မွမ်းမံခွင့်၊ အစားထိုးပိုင်ခွင့်၊ ပယ်ဖျက်ခွင့် သို့မဟုတ် ရုတ်သိမ်းပိုင်ခွင့် အပြည့်အဝရှိကြောင်းကို ကတ်ကိုင်ဆောင်သူက သိရှိသဘောတူပါသည်။ ဝဘ်ဆိုက်တွင် ဖော်ပြပေးထားမည့် ပြင်ဆင်ချက်များအပါအဝင် ဤစည်းမျဉ်းစည်းကမ်းချက်များကို ပုံမှန်ဖတ်ရှုစစ်ဆေးသွားရန် ကတ်ကိုင်ဆောင်သူတွင် တာဝန်အပြည့်အဝရှိပါသည်။ အပြောင်းအလဲတစ်ရပ် သို့မဟုတ် အပြောင်းအလဲများ ပြုလုပ်ပြီးနောက် မည်သည့် ကတ်ဝန်ဆောင်မှုလုပ်ငန်းကိုမဆို အသုံးပြုခြင်းသည် အပြောင်းအလဲများဆောင်ရွက်ထားရှိပြီးဖြစ်သည့် စည်းကမ်းချက်များနှင့်သာ သက်ဆိုင်သည်။

## ၂၆။ လွှဲပြောင်းခြင်း နှင့် ဆက်ခံသူများ

ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအရ ကတ်ကိုင်ဆောင်သူသည် မိမိ၏ အခွင့်အရေးများ သို့မဟုတ် တာဝန်ဝတ္တရားများ အားလုံးကိုဖြစ်စေ သို့မဟုတ် တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပေးအပ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းတို့အား ကမ္ဘောဇဘဏ်၏ စာဖြင့် ရေးသားဖော်ပြထားသော သဘောတူညီချက်မရှိဘဲ ဆောင်ရွက်ခြင်း မပြုရပါ။ ကမ္ဘောဇဘဏ်သည် ဤစည်းမျဉ်း စည်းကမ်းသတ်မှတ်ချက်များကို မည်သည့်အချိန်တွင်မဆို မိမိ၏ အခွင့်အရေးများ သို့မဟုတ် တာဝန်ဝတ္တရားများ ကို ကမ္ဘောဇဘဏ်၏ မည်သည့် တာဝန်ပေးအပ်ခြင်းခံရသူသို့ဖြစ်စေ သို့မဟုတ် မည်သည့် ဆက်ခံသူသို့ဖြစ်စေ လွှဲပြောင်းခြင်း သို့မဟုတ် တာဝန်ပေးအပ်ခြင်းတို့ ပြုလုပ်ခွင့်ရှိမည်ဖြစ်သည်။

## ၂၇။ အာမခံခြင်း

ဝန်ဆောင်မှုအသုံးပြုခြင်းဆိုင်ရာစည်းကမ်းချက်အဖြစ် ဝန်ဆောင်မှုများအား တရားဥပဒေနှင့်ကိုက်ညီခြင်းမရှိသည့် မည်သည့် ရည်ရွယ်ချက်မျိုး အတွက်မဆို အသုံးပြုမည်မဟုတ်ပါကြောင်း ကတ်ကိုင်ဆောင်သူက ကမ္ဘောဇဘဏ်အား အာမခံသည်။ ဝန်ဆောင်မှုများ ကို အသုံးပြုမှုနှင့် စပ်လျဉ်းသည့် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေနှင့် ပြဋ္ဌာန်းဥပဒေအရပ်ရပ်ကို လိုက်နာရန် ကတ်ကိုင်ဆောင်သူမှ သဘောတူသည်ဖြစ်သည်။

## ၂၈။ ဆက်လက်အသက်ဝင်ခြင်း

ဤစည်းမျဉ်းစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်စီတိုင်းသည် အခြားပြဋ္ဌာန်းချက်များနှင့်မတူဘဲ သီးခြားသက်ဝင်မှု ရှိမည်ဖြစ်သည်။ ဤစည်းမျဉ်းစည်းကမ်းချက်များပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် တရားဝင်မှုမရှိတော့ခြင်း၊ ဥပဒေနှင့် ဆန့်ကျင်ခြင်း သို့မဟုတ် အာဏာသက်ရောက်မှုမရှိတော့ခြင်း၊ တရားဝင်မှုမရှိခြင်း၊ ဆန့်ကျင်ဘက်ဖြစ်ခြင်း နှင့် ခိုင်လုံမှုမရှိတော့ခြင်းများ ဖြစ်လာပါက ယင်းအပိုင်းသည်သာ ပျက်ပြယ်မည်ဖြစ်ပြီး ကျန်ပြဋ္ဌာန်းချက်များအား ထိခိုက်စေခြင်း သို့မဟုတ် ပျက်ပြယ်စေခြင်းများ ရှိမည်မဟုတ်ဘဲ ကျန်ပြဋ္ဌာန်းချက်များသည် ဆက်လက်အသက်ဝင်နေမည်ဖြစ်သည်။

## ၂၉။ စွန့်လွှတ်ခြင်း

မည်သည့်အချိန်တွင်မဆို ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များတွင်ဖော်ပြထားသည့် ပြဋ္ဌာန်းချက် (များ) အား အသက်ဝင်စေရန်အတွက် ဆောင်ရွက်ရန် မည်သည့်အဖွဲ့မဆိုက ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးနေခြင်းသည် ထိုသို့သော အဖွဲ့က အခွင့်အရေးများအား စွန့်လွှတ်လိုက်ခြင်းဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုခြင်းမရှိစေရ။

## ၃၀။ သက်ဆိုင်မှုမရှိခြင်း

ဤစည်းမျဉ်းနှင့်စည်းကမ်းချက်များတွင်ပါဝင်သော မည်သည့်ပြဋ္ဌာန်းချက်မဆိုကြောင့် ဤစည်းမျဉ်းနှင့်စည်းကမ်းချက် များကို သဘောတူထားသည့်အဖွဲ့များက အလုပ်သမားနှင့်အလုပ်ရှင်၊ မိတ်ဖက်၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သူ၊ ဖက်စပ် လုပ်ငန်းများ၏ ဆက်ဆံရေးမျိုးကို ထူထောင်ခြင်းဖြစ်သည်ဟု အဓိပ္ပါယ်သက်ရောက်ခြင်းမရှိစေရ။ အဖွဲ့များသည် သီးခြားလွတ်လပ်သော ကန်ထရိုက်တာများဖြစ်ပြီး မည်သည့်အဖွဲ့မဆိုသည် အခြားသောအဖွဲ့၏ လုပ်ဆောင်ချက်၊ ဆောင်ရွက်ချက် သို့မဟုတ် ပျက်ကွက် ခြင်းများအတွက် တာဝန်မရှိစေရ။

## ၃၁။ လွှမ်းမိုးသောဥပဒေနှင့် အငြင်းပွားမှုဖြေရှင်းခြင်း

ဤစည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများက လွှမ်းမိုးမည်ဖြစ်ပြီး ယင်း ဥပဒေများနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ကာ ဤစည်းမျဉ်းစည်းကမ်းများမှ သို့မဟုတ် ဤစည်းမျဉ်းစည်းကမ်းများအရ ပေါ်ပေါက်လာသော မည်သည့်အငြင်းပွားမှုကိုမဆို စီရင်ဖြေရှင်းပိုင်ခွင့်အာဏာသည် မြန်မာနိုင်ငံရှိ တရားရုံးများတွင်သာ ရှိစေ ရမည်ဖြစ်သည်။

## ၃၂။ ဘာသာစကား

ဤစည်းမျဉ်းနှင့်စည်းကမ်းသတ်မှတ်ချက်များအား အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပြုလုပ်ထားပြီး နှစ်မျိုးစလုံးသည် တူညီသော အဓိပ္ပာယ် သက်ရောက်မှုရှိမည်ဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ပြုလုပ်ထားခြင်းဖြစ်သောကြောင့် ကွဲလွဲ မှုတစ်စုံတစ်ရာရှိလျှင် မြန်မာဘာသာဖြင့် ရေးသားထားသည့် စည်းကမ်းသတ်မှတ်ချက်များကိုသာလျှင် အမှန်ယူရမည် ဖြစ်သည်။